မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ် စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်နှင့် စိစစ်လေ့လာချက်များ

**စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်နှင့် စိစစ်လေ့လာချက်များ (MD & A)**

စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ (MD & A) သည် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB) ၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ပြောင်းလဲမှုရလဒ်များကို ယခင်နှစ်ရှိ အလားတူကာလနှင့်နှိုင်းယှဉ်ပြီး ဖတ်ရှုသူများ အကဲဖြတ်နိုင်ရန်အတွက် တင်ပြထားခြင်းဖြစ်ပါသည်။ ယခုတင်ပြထားသော MD & A အား ဘဏ္ဍာရေးနှစ်၂၀၂၃-၂၀၂၄ အတွက် စာရင်းစစ်ဆေးထားပြီးဖြစ်သော ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများနှင့်အတူ ဆက်စပ်ဖတ်ရှုရန်ဖြစ်ပါသည်။ ကိန်းဂဏန်းများအားလုံးအား မြန်မာကျပ်ငွေ (MMK) ဖြင့်ဖော်ပြထားပြီး ဘဏ္ဍာရေးရှင်းတမ်းများအား မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (MFRS) နှင့် အညီ ပြင်ဆင်ထားပါသည်။

**ဘဏ်၏အချက်အလက်များ**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ရက်စွဲပါ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြောင်းကြားစာအမှတ် - ၂၁/၉၁၊ အထူးကုမ္ပဏီအက်ဥပဒေ (၁၉၅၀) နှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ တို့နှင့်အညီ ၁၉၉၁ ခုနှစ် အောက်တိုဘာလ (၃၀) ရက်နေ့တွင် မှတ်ပုံတင်ထားပြီး အစုရှယ်ယာများနှင့် အများပိုင်ကုမ္ပဏီလီမိတက်တစ်ခုအနေဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ MCB သည် ကုမ္ပဏီ၏ မှတ်ပုံတင်နံပါတ် (၁၄၉၁၆၉၄၆၆) ဖြင့် မှတ်ပုံတင်ထားသော နိုင်ငံတော်၏ လိုင်စင်ရကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လ (၂၆) ရက်နေ့၌ ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် စာရင်းဝင်ခဲ့ပါသည်။ ဘဏ်၏ ခွင့်ပြုမတည်ငွေမှာ ၇၅ ဘီလီယံကျပ် ဖြစ်ပြီး ရှယ်ယာရှင်များမှ ထည့်ဝင်ထားသည့် မတည်ရင်းနှီးငွေမှာ ၅၂ ဘီလီယံကျပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ရုံးချုပ်သည် အမှတ် - ၃၈၃၊ မဟာဗန္ဓုလလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး ၊ မြန်မာနိုင်ငံတွင်တည်ရှိပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

**အရှုံးအမြတ်စာရင်းအချုပ်**

**ကျပ်သန်းပေါင်း**

| အသေးစိတ်ဖော်ပြချက်များ | အချိန်ကာလ | | အတက်/(အကျ) | |
|---|---|---|---|---|
| | ၃၁.၃.၂၀၂၄ (စာရင်းစစ်ပြီး) | ၃၁.၃.၂၀၂၃ (စာရင်းစစ်ပြီး) | ပမာဏ | % |
| Interest Income | ၅၉,၅၀၈.၁၂ | ၄၃,၆၃၀.၄၉ | ၁၅,၈၇၇.၆၃ | ၃၆% |
| Interest Expense | (၄၃,၃၅၃.၂၆) | (၂၉,၀၉၉.၃၅) | (၁၄,၂၅၃.၉၁) | ၄၉% |
| **Net Interest Income** | **၁၆,၁၅၄.၈၆** | **၁၄,၅၃၁.၁၄** | **၁,၆၂၃.၇၂** | **၁၁%** |

| | | | | |
|---|---|---|---|---|
| Other Operating Income | ၁၀,၇၉၈.၁၉ | ၁,၄၉၄.၆၃ | ၉,၃၀၃.၅၆ | ၆၂၂% |
| Total Operating Income | ၂၆,၉၅၃.၀၅ | ၁၆,၀၂၅.၇၇ | ၁၀,၉၂၇.၂၈ | ၆၈% |
| Total Operating Expense | (၂၆,၀၄၅.၃၅) | (၁၅,၃၀၁.၅၈) | (၁၀,၇၄၃.၇၇) | ၇၀% |
| Profit before Income Tax | ၉၀၇.၇၀ | ၇၂၄.၁၉ | ၁၈၃.၅၁ | ၂၅% |
| Profit after Income Tax | ၇၅၇.၅၈ | ၁,၄၅၁.၆၃ | (၆၉၄.၀၅) | -၄၈% |

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## လက်ကျန်ရှင်းတမ်းဖော်ပြချက်အချုပ်

ကျပ်သန်းပေါင်း

| အသေးစိတ်ဖော်ပြချက်များ | Balance Sheet | | အတက်/(အကျ) | |
|---|---|---|---|---|
| | ၃၁.၃.၂၀၂၄ (စာရင်းစစ်ပြီး) | ၃၁.၃.၂၀၂၃ (စာရင်းစစ်ပြီး) | ပမာဏ | % |
| **Assets** | | | | |
| Cash in Hand & at Bank | ၁၇၄,၇၀၀.၄၂ | ၁၁၂,၁၂၉.၉၂ | ၆၂,၅၇၀.၅၀ | ၅၆% |
| Loans & Advances | ၆၂၀,၈၃၆.၉၆ | ၃၆၃,၉၅၈.၉၄ | ၂၅၆,၈၇၈.၀၂ | ၇၁% |
| Investment | ၁၁၃,၄၇၉.၂၇ | ၁၃၃,၉၉၈.၈၄ | (၂၀,၅၁၉.၅၇) | -၁၅% |
| Property & Equipment | ၁၈,၆၃၆.၅၄ | ၁၇,၄၅၅.၈၉ | ၁,၁၈၀.၆၅ | ၇% |
| Intangible Assets | ၃,၅၂၆.၉၂ | ၄,၀၀၃.၉၈ | (၄၇၇.၀၆) | -၁၂% |
| Other Assets | ၅၀,၃၃၂.၂၅ | ၂၀,၃၀၆.၈၀ | ၃၀,၀၂၅.၄၅ | ၁၄၈% |
| | ၉၈၁,၅၁၂.၃၆ | ၆၅၁,၈၅၄.၃၇ | ၃၂၉,၆၅၇.၉၉ | ၅၁% |
| **Liabilities** | | | | |
| Deposit from Customer | ၇၇၂,၂၅၀.၀၃ | ၅၂၄,၈၀၄.၂၄ | ၂၄၇,၄၄၅.၇၉ | ၄၇% |
| Other Liabilities | ၇၀,၆၁၂.၄၁ | ၂၄,၇၆၈.၃၁ | ၄၅,၈၄၄.၁၀ | ၁၈၅% |
| Borrowings | ၆၅,၃၈၅.၃၆ | ၂၉,၇၇၄.၈၅ | ၃၅,၆၁၀.၅၁ | ၁၂၀% |
| **Total Liabilities** | ၉၀၈,၂၄၇.၈၀ | ၅၇၉,၃၄၇.၄၀ | ၃၂၈,၉၀၀.၄၀ | ၅၇% |
| **Equity** | | | | |
| Share Capital | ၅၇,၁၂၄.၆၆ | ၅၇,၁၂၄.၆၆ | ၀ | ၀% |
| Reserves | ၁၅,၀၉၆.၂၁ | ၁၄,၉၀၆.၈၁ | ၁၈၉.၄၀ | ၁% |
| Retained earnings | ၁,၀၄၃.၆၉ | ၄၇၅.၅၀ | ၅၆၈.၁၉ | ၁၁၉% |
| **Total Equity** | ၇၃,၂၆၄.၅၆ | ၇၂,၅၀၆.၉၇ | ၇၅၇.၅၉ | ၁% |
| **Total Equity & Liabilities** | ၉၈၁,၅၁၂.၃၆ | ၆၅၁,၈၅၄.၃၇ | ၃၂၉၆၅၇.၉၉ | ၅၁% |

**လုပ်ငန်းအခြေအနေနှင့် တိုးတက်မှု**

ယခုဘဏ္ဍာရေးနှစ်အတွင်း ဘဏ်အနေဖြင့် ပြည်တွင်း၌ **“Customers’ Preferred Bank”** တစ်ခုဖြစ်လာစေရန်နှင့် အောင်မြင်မှုရရှိလာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် **People Development ၊ Digital Transformation ၊ Branch Expansion ၊ Innovation of New Products** နှင့် **Financial Profitability** တို့အား အဓိကဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍ (၅) ခုအနေဖြင့် သတ်မှတ်ဆောင်ရွက်နေပါသည်။ ထို့အတူ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လူ့စွမ်းအားအရင်းအမြစ်များနှင့် အခြေခံလုပ်ငန်းရပ်ဖွဲ့စည်းမှုများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေပြီး ဌာနအသီးသီး၏ လိုအပ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်နှင့်သင့်လျော်သော ဆုံးရှုံးနိုင်ခြေအကဲဖြတ်မှုများကိုလည်း အလေးထားစီမံဆောင်ရွက်လျက်ရှိပါသည်။ MCB အနေဖြင့် “Service Excellence” ဆောင်ပုဒ်နှင့်အညီလမ်းညွှန်ထားသည့် Performance Culture ကို အလေးထားလုပ်ဆောင်နေပါသည်။ ဘဏ်၏ရည်မှန်းချက်များနှင့်အညီ မဟာဗျူဟာပန်းတိုင်များအား ပြည့်မီစေရန်အတွက် အဓိကကျသော အခန်းကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဈေးကွက်တွင်လူသိများလာစေရန်နှင့် ဝင်ငွေလမ်းကြောင်းအမျိုးအစား ပိုမိုများပြားလာစေရန်အတွက်လည်း ကြိုးပမ်းအားထုတ်ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံသားများဘဏ်သည် အရှိန်အဟုန်ဖြင့်တိုးတက်နေခြင်းကြောင့် ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများ (Loans & Advances) မှာ ၇၁% နှင့် အပ်ငွေ (Deposit) တွင် ၄၇% သိသိသာသာ တိုးတက်လာခဲ့သည်။ ဘဏ်အနေဖြင့် Asset Quality ကို ထိန်းသိမ်းခြင်း ၊ ပေးဆပ်ရန်ပျက်ကွက်နေသော ချေးငွေအချိုး (NPL Ratio) တိုးတက်ကောင်းမွန်လာခြင်းကို အလေးထားဆောင်ရွက်ခဲ့ပြီး အသက်အာမခံ (Life Insurance) ကို မိတ်ဆက်ခြင်းနှင့် အခြားဆက်စပ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းတို့ဖြင့် စီးပွားရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါသည်။ ထို့အပြင် MCB ဘဏ်သည် Assets and Liabilities ကို ကောင်းစွာစီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ Earning Asset Ratio တိုးတက်လာစေရန် Idle Fund အားကောင်းစွာအသုံးပြုခြင်း ၊ Cost to Income Ratio အား တိုးတက်လာစေရန် စီမံဆောင်ရွက်ခြင်းတို့ကြောင့် ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်တွင် အခွန်ဆောင်ပြီး အမြတ် (Profit After Tax) ၇၅၇ ကျပ်သန်း ရရှိခဲ့ပါသည်။ စိန်ခေါ်မှုများရှိနေခြင်း ၊ အခက်အခဲများအား ရင်ဆိုင်ကြုံတွေ့ရခြင်းအပြင် ဘဏ်၏အမြတ်ရရှိနိုင်စွမ်းကိုသက်ရောက်ခဲ့သည့် ငွေကြေးဖောင်းပွမှုများကြောင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အမြတ်ရရှိမှုနည်းပါးခဲ့ပါသည်။

**အသားတင်အတိုးရငွေ** - Loan Portfolio ပမာဏတိုးလာခြင်းနှင့် NPL ချေးငွေများအား ပြန်လည်ကောက်ခံနိုင်ခြင်းကြောင့် အတိုးရငွေသည် ၃၆% တိုးတက်လာခဲ့ပါသည်။ အပ်ငွေပမာဏတိုးလာခြင်းနှင့်အတူ ဈေးကွက်ထဲ၌ယှဉ်ပြိုင်၍ ပေးအပ်ရသောအတိုးနှုန်းများကြောင့် (အချိန်ပိုင်းအပ်ငွေ - Term Deposit နှင့် အခြားအပ်နှံငွေအမျိုးအစား) အတိုးပေးငွေသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၄၉% ပိုမိုမြင့်မားခဲ့ပါသည်။

အတိုးပေးငွေနှင့် အတိုးရငွေသည် ရာခိုင်နှုန်းပိုမိုမြင့်မားသော်လည်း အသားတင်အတိုးရငွေရာခိုင်နှုန်း တိုးတက်မှုမှာ ယခင်နှစ်ထက် ၁၁% ပိုမိုရရှိခဲ့ပါသည်။

**အဖိုးအခ၊ ကော်မရှင်ခနှင့် အခြားဝင်ငွေများ** - အခြားလုပ်ငန်းဆောင်ရွက်မှုမှရရှိသောဝင်ငွေသည် ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၆၂% မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်လာရခြင်းမှာ Life and Non-Life Bancassurance Business များမှ ကော်မရှင်ဝင်ငွေများရရှိခြင်း ၊ ယခင်နှစ်တွင် Revaluation အရှုံး ပေါ်ခဲ့ရာမှ ယခုနှစ်တွင် Revaluation အမြတ် ရရှိခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**လုပ်ငန်းပိုင်းဆောင်ရွက်မှု အသုံးစရိတ်များ** - လုပ်ငန်းပိုင်းဆောင်ရွက်မှုအသုံးစရိတ်များ မြင့်တက်ခဲ့မှုမှာ ပုံမှန်အသုံးစရိတ်များမြင့်တက်လာခြင်း၊ ငှားရမ်းခစရိတ်များ နှင့် ခရီးသွားလာမှုကုန်ကျစရိတ်များ မြင့်မားလာခြင်း၊ လုပ်ခလစာနှုန်းထားများတိုးလာခြင်း၊ ဝန်ထမ်းဦးရေထပ်တိုးခန့်အပ်ရခြင်းနှင့် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**လုပ်ငန်းအရွယ်အစား** - ဘဏ်အရွယ်အစားသည် ယခင်ကာလနှင့် နှိုင်းယှဉ်ပါက လက်ကျန်ရှင်းတမ်း (Balance Sheet) အရ ၅၁% တိုးတက်ခဲ့ပါသည်။ လက်ဝယ်ရှိငွေသားနှင့် ဘဏ်များရှိငွေ (Cash in Hand & at Bank) သည် ၅၆% ၊ ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများ (Loans & Advances) သည် ၇၁% နှင့် အခြားရရန်ရှိစာရင်းများ (Other Assets) ၁၄၈% တိုးတက်လာ၍ စုစုပေါင်း အပ်နှံငွေများသည် ၄၇% အသီးသီးတိုးတက်ခဲ့ပါသည်။ သို့သော်လည်း ရင်းနှီးမြှုပ်နှံမှု များသည် ယခင်နှစ်နှင့် ၁၅% လျော့နည်းခဲ့ပါသည်။

**စည်းမျဉ်းသတ်မှတ်ချက်များအား လိုက်နာမှု**

မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ဘဏ်တစ်ခု၏ တာဝန်ဝတ္တရားများဖြစ်သော ပြည်သူတို့၏ ငွေကြေးများကို လက်ခံ၍ ဆုံးရှုံးမှုမရှိစေပဲ ထိရောက်စွာလည်ပတ်စေရန် ယုံကြည်စွာ တာဝန်အပ်နှင်းခံရသည်ကို ကောင်းစွာ သိရှိနားလည်ထားပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ချေးငွေနှင့်ကြိုတင် ငွေများ (Loans & Advances) ကို ထုတ်ပေးခြင်းအားဖြင့် ယင်းငွေကြေးများတိုးပွားစေရေးအတွက် မိမိတို့မှ ချင့်မျှော်တွေးဆ၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဘဏ်တစ်ဘဏ်အနေဖြင့် Customer များ၏ ယုံကြည်မှုရရှိခြင်းသည် ရေရှည်တည်မြဲသောလုပ်ငန်းဖြစ်ရေးတွင် အဓိကအချက်ဖြစ်ပြီး ၊ ထိုကဲ့သို့ ယုံကြည်မှုရရှိရန်အတွက် အဓိကအချက်တစ်ခုမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များ ၊ ဥပဒေများအတိုင်း တသွေမတိမ်းလိုက်နာဆောင်ရွက်ခြင်းဖြစ်သည်ဟု မိမိတို့အနေဖြင့်ယူဆထားပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအား အပြည့်အဝ လိုက်နာဆောင်ရွက်ပါကြောင်း မိမိတို့ဘဏ်မှ ဂုဏ်ယူစွာတင်ပြလိုပါသည်။

CBM ၏ အနည်းဆုံး သတ်မှတ်စံနှုန်းများအပေါ် မိမိတို့ဘဏ်မှ လုံလောက်သော နှုန်းထားများဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းသော ၊ ငွေဖြစ်လွယ်သော ၊ မတည်ရင်းနှီးငွေခိုင်မာသော၊ အနာဂတ်တွင် တိုးတက်မှုဖြစ်ထွန်းသော ဘဏ်တစ်ဘဏ်အဖြစ် ပေါ်လွင်ထင်ရှားစေမည်ဖြစ်ပါသည်။

| Statutory Ratio | လိုအပ်ချက် | ၃၁.၃.၂၀၂၄ ရက်နေ့ရှိ MCB Ratio |
|---|---|---|
| Reserve Ratio | အနိမ့်ဆုံး ၃% (MMK)<br>အနိမ့်ဆုံး ၅% (FCY) | ၁၃.၄၁% (MMK)<br>၅.၃၁% (FCY) |
| Liquidity Ratio | ၂၀% အထက် | ၂၅.၂၃% |
| Capital Adequacy Ratio– Tier I | အနိမ့်ဆုံး ၄% | ၇.၀၄% |
| Capital Adequacy Ratio – Total | အနိမ့်ဆုံး ၈% | ၈.၂၉% |

**အနာဂတ်မျှော်မှန်းချက်**

ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်း ၊ ပြည်တွင်းငွေကြေးတန်ဖိုးကျဆင်းလာခြင်းနှင့် Financial Action Task Force (FATF) က မြန်မာနိုင်ငံအား High-Risk Country အဖြစ် သတ်မှတ်ထားခြင်းတို့သည် မြန်မာ့ဘဏ်လုပ်ငန်းတွင် အဓိကကျသော စိန်ခေါ်မှုများဖြစ်ပါသည်။ ချေးငွေလိုအပ်ချက်ပိုမိုမြင့်တက်လာခြင်းနှင့် အပ်နှံငွေရှားပါးလာခြင်းတို့ကြောင့် Credit နှင့် Deposit အကြားမျှခြေသည်လည်း ပိုမိုကွာဟလာမည့်ပုံပေါ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလည်း မူဝါဒများနှင့်ညွှန်ကြားချက်များမှတဆင့် အဆိုပါထိခိုက်နစ်နာမှုများကို လျှော့ပါးသက်သာစေရန်နှင့် ရင်ဆိုင်နေရသည့် အခြေအနေကို ကျော်လွှားနိုင်စေရန်အတွက် ကြိုးစားအားထုတ်ဆောင်ရွက်လျက်ရှိကြောင်း မိမိတို့အနိုင်အမာ ယုံကြည်ပါသည်။ ငွေကြေးဖောင်းပွနှုန်းမြင့်တက်ခြင်းသည် ဘဏ်လုပ်ငန်းစနစ်တွင် Deposit ရှားပါးလာခြင်းနှင့်အတူ Cost of Funds တိုးလာမှုကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ လက်ရှိအခြေအနေများသည် ကာလတိုတွင်ဆက်လက်ဖြစ်နေနိုင်ပြီး ကာလလတ်တွင် တိုးတက်လာမည်ဟု မျှော်မှန်းရပါသည်။

ဤကဲ့သို့သော အခြေအနေမျိုးကြားတွင် MCB သည် စိန်ခေါ်မှုများကို ကျော်လွှားပြီး သာလွန်ကောင်းမွန်သော စွမ်းဆောင်ရည်ကိုပေးဆောင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ဘဏ်သည် စိန်ခေါ်မှုမြင့်မားသော ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိစေရန်အတွက် မိမိတို့၏ Customer များအား အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများနှင့် တီထွင်ဆန်းသစ်ထားသော ဘဏ္ဍာရေးဝန်ဆောင်မှုများကို ပိုမိုပေးအပ်လာနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် MCB ဘဏ်သည် နောင်လာမည့်နေ့ရက်များတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းမွန်သော အခြေအနေကို မျှော်မှန်းထားပါသည်။

# Management Discussion and Analysis
# on financial conditions and results of operation
# for the year ended 31-March-2024

## MANAGEMENT DISCUSSION AND ANALYSIS (MD & A)

This Management's Discussion and Analysis (MD&A) is presented to enable readers to assess changes in the financial condition and operating results of MCB bank ("Myanmar Citizens Bank Public Co., Ltd) for the year ended March 31st , 2024, compared with the corresponding period in the prior year. This MD&A should be read in conjunction with the audited Financial Statements for FY23-24. All the numbers are expressed in MMK (Myanmar Kyat) and the audited Financial Statements were prepared in accordance with Myanmar Financial Reporting Standard (MFRS).

## CORPORATE INFORMATION

Myanmar Citizens Bank Public Co.,Ltd was incorporated as a public company limited by shares, as per notification no. 21/91 of the Ministry of Commerce (Ministry of Trade) dated 30th September 1991 and under the Special Company Act 1950 and registered under the Myanmar Companies Act 1914 on 30 October 1991. With the company registration number 149169466, MCB is a licensed commercial bank and listed with YSX (Yangon Stock Exchange) on 26 August 2016. Our Authorized capital is 75 billion Kyats and paid-up capital is 52 billion Kyats and registered office at No.383, Mahar Bandoola Road, Kyauktada Township, Yangon Region, Myanmar.

**Myanmar Citizens Bank Public Co.,Ltd**

**Summarized Statement of Comprehensive Income**

**MMK In Millions**

| Details | For the period ended | | Increase/(Decrease) | |
|---|---|---|---|---|
| | 31-03-2024 (Audited) | 31-3-2023 (Audited) | Amount | % |
| Interest Income | 59,508.12 | 43,630.49 | 15,877.63 | 36% |
| Interest Expense | (43,353.26) | (29,099.35) | (14,253.91) | 49% |
| **Net Interest Income** | **16,154.86** | **14,531.14** | **1,623.72** | **11%** |
| Other Operating Income | 10,798.19 | 1,494.63 | 9,303.56 | 622% |
| **Total Operating Income** | **26,953.05** | **16,025.77** | **10,927.28** | **68%** |
| **Total Operating Expense** | **(26,045.35)** | **(15,301.58)** | **(10,743.77)** | **70%** |
| **Profit before Income Tax** | **907.70** | **724.19** | **183.51** | **25%** |
| **Profit after Income Tax** | **757.58** | **1,451.63** | **(694.05)** | **-48%** |

**Myanmar Citizens Bank Public Co., Ltd**

**Summarized Statement of Financial Position**

**MMK In Millions**

| Assets | Balance Sheet as at | | Increase/ (Decrease) | |
|---|---|---|---|---|
| | 31-03-2024 (Audited) | 31-3-2023 (Audited) | Amount | % |
| Cash in Hand & at Bank | 174,700.42 | 112,129.92 | 62,570.50 | 56% |
| Loans & Advances | 620,836.96 | 363,958.94 | 256,878.02 | 71% |
| Investment | 113,479.27 | 133,998.84 | (20,519.57) | -15% |
| Property & Equipment | 18,636.54 | 17,455.89 | 1,180.65 | 7% |
| Intangible Assets | 3,526.92 | 4,003.98 | (477.06) | -12% |
| Other Assets | 50,332.25 | 20,306.80 | 30,025.45 | 148% |
| | **981,512.36** | **651,854.37** | **329,657.99** | **51%** |
| | | | | |
| **Liabilities** | | | | |
| Deposit from Customer | 772,250.03 | 524,804.24 | 247,445.79 | 47% |
| Other Liabilities | 70,612.41 | 24,768.31 | 45,844.10 | 185% |
| Borrowings | 65,385.36 | 29,774.85 | 35,610.51 | 120% |
| **Total Liabilities** | **908,247.80** | **579,347.40** | **328,900.40** | **57%** |
| **Equity** | | | | |
| Share Capital | 57,124.66 | 57,124.66 | 0 | 0% |
| Reserves | 15,096.21 | 14,906.81 | 189.40 | 1% |
| Retained earnings | 1,043.69 | 475.50 | 568.19 | 119% |
| **Total Equity** | **73,264.56** | **72,506.97** | **757.59** | **1%** |
| **Total Liabilities & Equity** | **981,512.36** | **651,854.37** | **329657.99** | **51%** |

## BUSINESS PERFORMANCE AND GROWTH

During this financial year, bank has embarked a transformation journey to enhance and achieve one of the "**Customers' Preferred Bank**" in the country. Taking the strategy plan into consideration, **People Development**, **Digital Transformation, Branch Expansion, Innovation of New Products** and **Financial Profitability** are defined as five major growth drivers**.** Accordingly, FY 2023-24 is the investment in human capital & Infrastructure, process workflows which are compliance with regulatory requirement and proper risk assessment. MCB has embedded in performance culture, guided by the motto of "Service Excellency", endeavor to recognize in Branding and diversification of revenue stream that are the strengthening of growth drivers for enabling the achievement of business targets and strategic goals.

Continuing in progress with momentum, Myanmar Citizens Bank achieved growth by 71% in Loans & Advances and 47% increment in Deposit. Also, the Bank had to focus maintaining asset quality, improving of Non-performing loan (NPL) ratio, alliance business partner by introducing of life insurance and providing the other related banking services. By managing and monitoring of Assets and Liabilities to earn adequate return, effective utilization of idle fund to improve in earning asset ratio, controlling over cost to income ratio that resulted making profit after tax was 757 million in this FY23-24. Due to having challenges and facing difficulties as well as inflation that was impacted in profitability of the bank has reduced compared to previous year.

**Net Interest Margin:** Interest income is increased by 36%, caused by increased volume in loan portfolio and recovering of non-performing loans. Interest expense is higher by 49% as result of increment of Deposit volume, high interest-bearing deposit (Term Deposit) and offering of competitive interest rate. Despite higher growth % in interest expense compared to interest income; net interest income is reached to 11% higher than last year.

**Fees and Commission and Other Income:** Other Operating income is increased by 622% in comparison to the last financial year. The reason for the increment is mainly contributed by signing bonus and commission income in bancassurance businesses, life and non-life and favorable revaluation gain which was "Revaluation loss" in previous year.

**Operating Expenses:** The operating expense is increased due to inflation impacts in day-to-day operation of bank by rising of utilities, rental cost, travel expenses and escalating of wages rate and additional hiring of Head count and expansion of new branches.

**Business Size -** The overall size of bank increased by 51% in terms of balance sheet compared with the previous period. Cash in hand & at bank increased by 56%, Loans & advances increased by 71%, treasury investments decreased by 15%, other assets increased by 148% and total deposits increased by 47% respectively.

## Regulatory Compliance

We are fully aware that our responsibility as a bank, entrusted with the fiduciary duty of accepting and deploying public funds in a safe manner. We undertake to leverage such funds in a prudent manner by extending loans and advances which is essential for the development of the country. As a bank we consider building the trust of our customers which is vital component for sustainable business and one key aspect with earning trust is to be a bank which is fully compliant with regulations and laws of the country. The bank is proud to state that we are in full compliance with the regulations and directives stipulated by Central Bank of Myanmar (CBM).

The bank was able to maintain sufficient buffers over the minimum standards stipulated by CBM, which demonstrates a bank which is profitable, liquid, solvent and sufficiently capitalized and have a leeway to grow in the future.

| **Statutory Ratio** | **Required** | **MCB ratio as at 31st March 2024** |
|---|---|---|
| Reserve Ratio | Minimum 3% (MMK)<br>Minimum 5% (FCY) | 13.41% (MMK)<br>5.31% (FCY) |
| Liquidity Ratio | Above 20% | 25.23% |
| Capital Adequacy- Tier I | Minimum 4% | 7.04% |
| Capital Adequacy- Total | Minimum 8% | 8.29% |

## Future Outlook

Increasing inflation, devaluation of domestic currency and classifying country as high risk by Financial Action Task Force (FATF) are the key challenges observed in Myanmar banking. On account of increasing inflation rate, credit demand becomes higher and deposit becomes scarce, thus gap of demand and supply of credit and deposit is likely to be further widened. We believe, the government and Central Bank has been endeavoring to minimize those impacts through policies and directives and overcome the challenging situation.

Myanmar Banking is currently following BASEL-I accord and further upgradation of BASEL accord may require additional capital in banking. However, change in BASEL accord may not happen in short term.

Higher inflation rate has resulted increased in cost of funds and scarce of deposits in banking system. The current situation may be continued in short term and expect to improve in mid-term.

Migration of work force from one job market to another market is global phenomenon. Impact of migration of young work force in Myanmar is deeper and has resulted short supply of human resources in the Banking.

Notwithstanding these headwinds, MCB is well-positioned to overcome the challenges and deliver superior performance. Our businesses will continue to grow, deliver high-quality service and innovative financial products to our customers to help navigate the challenging environment. Hence, in summary MCB has an opportunity and high potential to grow in the upcoming future.